ကျွန်တော်တို့ဟာ ကျွန်တော်တို့ ပြုခဲ့သမျှသော အပြုအမူတွေ အားလုံးရဲ့ မှတ်တမ်းဟာ တိကျလွန်းပြီး ကျွန်တော်တို့မေ့သွားတာကြာပြီဖြစ်တဲ့ အပြုအမူတွေကိုပါ သတိပေးခံရတာကြောင့် အံ့ဩသွားပါလိမ့်မယ်။

“အလ္လာဟ်က ယင်းကိုရေတွက်မှတ်သားထားပြီး သူတို့ကမူ ယင်းကို မေ့လျော့ပစ်လိုက်ကြသည်။” ကုရ်အာန် ၅၈:၆

ဒီအချက်ကို လေးလေးနက်နက်စဉ်းစားကြည့်မယ်ဆိုရင် ကျွန်တော်တို့ပြုသမျှ အပြစ်များကို ရေးမှတ်ထားမှာဖြစ်ပြီး ကမ္ဘာ့တရားခွင့်နေ့ရောက်တဲ့အခါ အလ္လာဟ်ရှေ့တော်မှောက်မှာ ထုတ်ဖော်စစ်ဆေးခံရမှာကို သိရှိပြီး မည်သည့်အပြစ်ဒုစရိုက်ကိုမဆို ကျူးလွန်ဖို့ ရှက်သင့်ပါတယ်။

ပြန်လည်ရှင်ပြန်ထစေနိုင်တော်မူပြီး ဆုံးဖြတ်စီရင်နိုင်တော်မူတဲ့ အလ္လာဟ်အရှင်မြတ်ရဲ့ တန်ခိုးတော်ကို သံသယဖြစ်သူများအတွက်၊ မယုံကြည်သူများအား အလ္လာဟ်အရှင်မြတ်က ဤသို့မိန့်တော်မူထားပါတယ်။

“ဆွေးမြည့်နေပြီဖြစ်သော အရိုးများကို မည်သူက အသက်ရှင်စေမည်နည်း”ဟု သူကပြောဆိုခဲ့လေသည်။ အသင်ပြောလိုက်ပါ(အို-မုဟမ္မဒ်), ‘ယင်းကို ပထမအကြိမ်တုန်းက ဖန်ဆင်းတော်မူခဲ့သော အရှင်ကပင် အသက်ပြန်ရှင်စေတော်မူမည်။ ထိုအရှင်သည် ဖန်ဆင်းမှုအပေါင်းကို ကောင်းစွာသိတော်မူသော အရှင် ဖြစ်ပေသည်။’” ကုရ်အာန် ၃၆:၇၈-၇၉

## သုခဘုံနှင့် ငရဲဘုံ

အလ္လာဟ်အရှင်မြတ်ကို တစ်ပါးတည်းသော ကိုးကွယ်ရာအရှင်အဖြစ် ယုံကြည်ပြီး ကောင်းမှု ကုသိုလ်တွေကို ဆောင်ရွက်ခဲ့တဲ့သူတွေဟာ သုခဘုံမှာ စံမြန်းရမှာ ဖြစ်ပါတယ်။

တမန်တော်မုဟမ္မဒ်(သူ့အပေါ်ငြိမ်းချမ်းမှုသက်ရောက်ပါစေ) က အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်ကို ပြောပြခဲ့ပါတယ်။

**“ငါအရှင်မြတ်ရဲ့ မှန်ကန်တဲ့ ကျေးကျွန်တွေအတွက် မည်သူမျှ မျက်လုံးနဲ့မမြင်ဖူးတဲ့၊ နားနဲ့မကြားဖူးတဲ့၊ လူသားရဲ့ ဦးနှောက်နဲ့ မစဉ်းစားဖူးတဲ့ အင်မတန် ကောင်းမွန်တဲ့ အရာတွေ စီစဉ်ထားတော်မူတယ်။”**

အလ်လာဟ်အရှင်မြတ် တစ်ပါးတည်းရှိတော်မူကြောင်းကို ငြင်းပယ်သူများအတွက်တော့ လုံးဝဆန့်ကျင်ဖက် ဖြစ်ပြီး သူတို့ကို ဤသို့ မိန့်တော်မူထားပါတယ်။

“ဤသည်အသင်တို့အား ကတိပေးချိန်းဆိုထားသော ငရဲဘုံပင်ဖြစ်လေသည်။ မိမိတို့၏မယုံကြည်သွေဖည်ခဲ့မှု၏အစား ယနေ့ ယင်းငရဲဘုံသို့ ဝင်ရောက်ကြလေကုန်။” ကုရ်အာန် ၃၆:၆၃-၆၄

v1.01

မယုံကြည်သူများအတွက် အဆိုးဆုံး အပြစ်ပေးမှုတွေ ရှိပါတယ်။

“ကေန်စင်စစ် ငရဲဘုံသည် ချောင်းမြောင်းစောင့်တိုင်းလျက် ရှိပေသည်။ ပြစ်မှုကျူးလွန်သော ဆိုးသွမ်းသူများအတွက် ဖြစ်သည်။ သူတို့သည် ထိုထဲတွင် နှစ်ကာလပေါင်းများစွာ နေထိုင်ကြရမည်။ ထိုထဲတွင် သူတို့သည် မည်သည့် အေးမြမှုကိုမျှ မြည်းစမ်းကြရမည်လည်းမဟုတ်။ မည်သည့်သောက်သုံးစရာကိုမျှလည်း မြည်းစမ်းရမည်မဟုတ်။ သို့သော် ရေနွေးပူနှင့် ပြည်ပုပ်ကိုသာ (မြည်းစမ်းရမည်)။ သူတို့ကျူးလွန်ခဲ့သော ပြစ်မှုများနှင့် ညီမျှသော အစားပေးခြင်းပင် ဖြစ်သည်။ ကေန်စင်စစ်သူတို့သည် စာရင်းအင်း စစ်ဆေးမှုများကို ကြောက်ရွံ့စိုးရိမ်မှု မရှိခဲ့ကြပေ။ ထို့ပြင် ငါအရှင်၏သက်သေလက္ခဏာတော်များကိုလည်း မဟုတ်မမှန်ဟု စွပ်စွဲ ငြင်းပယ်ခဲ့ကြသည်။ ငါအရှင်သည် အရာတိုင်းကို ရေးသား၍ ရေတွက်ထားတော်မူသည်။ သို့ဖြစ်ရာ မြည်းစမ်းကြလေကုန်။ ငါအရှင်သည် သင်တို့အား ပြစ်ဒဏ်ကိုသာ တိုးပွား၍ ပေးတော်မူပေမည်။” ကုရ်အာန် ၇၈: ၂၁-၃၀

## နိဂုံး

**“အို-လူသား၊ အသင့်အရှင်နှင့် ပတ်သက်၍ ဘယ်အရာက အသင့်အား လှည့်ဖြားထားပါသနည်း။အရှင်မြတ်သည်ပင် အသင့်အား ဖန်ဆင်းတော်မူခဲ့သည်။ တဖန် အသင်၏ ခန္ဓာ အစိတ်အပိုင်းများကို နေသားတကျဖြစ်အောင် ပြုလုပ်တော်မူခဲ့သည်။ တဖန် အသင့်အား အချိုးအစား ပြေပြစ်အောင် ပြုလုပ်တော်မူခဲ့သည်။ မိမိအလိုတော်ရှိသော ပုံသဏ္ဌာန်တွင် အသင့်အား ပေါင်းစပ်ဖွဲ့စည်းတော်မူခဲ့သည်။ (အသင်တို့ထင်သလိုလုံးဝမဟုတ်) စင်စစ်တွင် အသင်တို့သည် အစားပေးမည့်နေ့ကို မဟုတ်မမှန်ဟု စွပ်စွဲ ငြင်းပယ်နေကြခြင်းသာ ဖြစ်ပေသည်။” ကုရ်အာန် ၈၂:၆-၉**

သေခြင်းတရားဟာ ရှောင်လွှဲလို့မရတဲ့ အရာဖြစ်ပါတယ်။ ကျွန်တော်တို့ဘဝရဲ့ ရည်ရွယ်ချက်က အလ္လာဟ်အရှင်မြတ် တစ်ပါးတည်းကိုသာ ကိုးကွယ်ဆည်းကပ်ပြီး မှန်ကန်တဲ့ အပြုအမူများကို ဆောင်ရွက်ကာ တားမြစ်ထားတဲ့ အရာအားလုံးကို ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ကံကြမ္မာက ကျွန်တော်တို့ ယခု လက်ရှိအပြုအမူတွေအပေါ်မူတည်ပြီး ဆုံးဖြတ် ပေးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က သုခဘုံမှာထာဝရနေရဖို့ ဒီကမ္ဘာမြေပေါ်မှာ ရောက်ရှိနေတုန်း အခွင့်အရေးကိုအသုံးချမလား၊ ဒါမှမဟုတ် အခွင့်အရေးတွေကို ဖြုန်းတီးပစ်ပြီး ကျွန်တော်တို့ကို ထာဝရ ဒုက္ခအတိရောက်စေမယ့် ငရဲကိုသွားမလား ရွေးချယ်လို့ရပါတယ်။


**For More Information & Further Pamphlets in this Series**

**p** (+61) 3 9309-1515 **w** islamicpamphlets.com **e** shareislam@gmail.com



**Donation Details** *(Every $1 AUD donated produces 15 pamphlets)*

**Bank Name** Commonwealth Bank **Account** Pamphlet Project Australia
**BSB** 063620 **Account** 10532332 **Swift (international)** CTBAAU2S


# သေခြင်းတရား၊ နောင်တမလွန်နှင့် အစ္စလာမ့်ရှုထောင့်

“သက်ရှိသတ္တဝါတိုင်းသည် သေခြင်းတရား၏အရသာကို မြည်းစမ်းရမည်သာ”
ကုရ်အာန် ၂၉:၅၇


အခြေခံ အချက်များကိုလေ့လာခြင်း

islamicpamphlets.com

# သေခြင်းတရားဟာ နီးကပ်ပါတယ်

သေခြင်းတရားဟာ ဘယ်လူသားမှ ရှောင်လွှဲလို့မရတဲ့ အမှန်တရားဖြစ်ပါတယ်။ တစ်နေ့ပြီးတစ်နေ့၊ တစ်နာရီပြီးတစ်နာရီ၊ တစ်မိနစ်ပြီး တစ်မိနစ် ပိုပြီး နီးကပ်လာနေပါတယ်။ စီအိုင်အေရဲ့ ၂၀၀၇ ခုနှစ် ကမ္ဘာ့အချက်အလက်ပြစာအုပ်အရ တစ်စက္ကန့်တိုင်းမှာ လူနှစ်ယောက်နီးပါးသေဆုံးနေတယ်လို့ သိရပါတယ်။ဒါဟာ တစ်နှစ်မှာ လူအယောက် ၅၇.၉ မီလီယံ သေဆုံးနေတာ ဖြစ်ပါတယ်။ အံ့သြလောက်အောင် များပြားတဲ့ ပမာဏပါပဲ။ အသက်အရွယ်၊ ကျန်းမာရေးအခြေအနေ၊ နောက်ခံ အသိုင်းအဝိုင်း၊ ဂုဏ်သရေရှိခြင်းမရှိခြင်း၊ ဘာသာတရားလိုက်စားခြင်း မလိုက်စားခြင်း စတာတွေအပေါ်မမူတည်ဘဲ လူသားတစ်ဦးချင်းစီတိုင်းက လွတ်လမ်းမရှိတဲ့ ဒီကံကြမ္မာကို ကြုံဆုံကြရမှာ ဖြစ်ပါတယ်။

တစ်ချိန်က သြဇာညောင်းတဲ့ ဘုရင်ကြီးတွေ၊ ဘီလီယံနာတွေ၊ အာဏာရှင်တွေ ဘယ်ရောက်သွားလဲ? တစ်ချိန်က အင်မတန် လှပတဲ့၊ နာမည်ကျော်ကြားခဲ့တဲ့ သူတွေ၊ ဉာဏ်ကြီးရှင်တွေရော ဘယ်ရောက်သွားလဲ?

# သေခြင်းတရား ရဲ့ အမှန်တရား

သေခြင်းတရားဟာ ဆိုးရွားတဲ့အရာတစ်ခုမဟုတ်ပါဘူး။ ယခုဘဝကနေ နောင်တမလွန်ကို ကူးပြောင်းဖို့ ဖြတ်သန်းရတဲ့ အခြေအနေတစ်ခုပါပဲ။ သေခြင်းတရားက ကျွန်တော်တို့ကို ကျွန်တော်တို့ဘဝရဲ့ ရည်ရွယ်ချက်၊ နောက် ကျွန်တော်တို့ သေဆုံးပြီးသွားရင် ဘာဖြစ်မလဲ ဆိုတာကို တွေးတောဆင်ခြင်စေသင့်ပါတယ်။

အလ္လာဟ်အရှင်မြတ် (ဘုရားသခင်ဖန်ဆင်းရှင်) က ကျွန်ုပ်တို့ကို ဖန်ဆင်းရခြင်းဟာ အရှင်တစ်ပါးတည်းကိုသာ ခဝပ်ကိုးကွယ်ဖို့ ရည်ရွယ်ချက်နဲ့သာ ဖြစ်ပြီး ဒီဘဝဟာ ထိုရည်ရွယ်ချက်ကို ဘယ်သူလိုက်နာဖြည့်ဆည်းသလဲ ကြည့်ဖို့ စမ်းသပ်မှုတစ်ခုပဲ ဖြစ်တယ်လို့ ကုရ်အာန်ကျမ်းမြတ်မှာ ဖော်ပြထားပြီး ဖြစ်ပါတယ်။

**"ထို့ပြင် ငါအရှင်သည် လူသားနှင့် ဂျင်န်ကို ဖန်ဆင်းခဲ့ရခြင်းမှာ ငါအရှင့်အား ကိုးကွယ်ရန်အတွက်သာဖြစ်သည်။" ကုရ်အာန် ၅၁:၅၆**

ဖန်ဆင်းရှင်က သေခြင်းနဲ့ ဘဝကို ဖန်ဆင်းရတဲ့ နောက်ကွယ်က ရည်ရွယ်ချက်ကိုလည်း ကျွန်တော်တို့ကို ပြောပြထားပါတယ်။

**"သင်တို့ထဲမှ မည်သူသည် ကောင်းစွာကျင့်မူသနည်းဟူသည်ကို စမ်းသပ်တော်မူရန်အတွက် အရှင်မြတ်က သေခြင်းနှင့် ရှင်ခြင်းကို ဖန်ဆင်းတော်မူခဲ့သည်။" ကုရ်အာန် ၆၇:၂**

သေခြင်းအတွက် ပြင်ဆင်တယ်ဆိုတာက အသုဘကုန်ကျစရိတ်တွေ ကြိုတင်ပေးဆောင်ခြင်းနဲ့ ခေါင်းတလားကို ကြိုတင်ရွေးချယ်ခြင်းတို့ကို ဆိုလိုတာမဟုတ်ပါဘူး။ ဒါဟာ အလ္လာဟ်တစ်ပါးတည်းကိုသာ ကိုးကွယ်ခြင်း၊ အလ္လာဟ် အမိန့်ပေးထားတော်မူသည့်အတိုင်းနေထိုင်ခြင်း၊ ကောင်းမှုကုသိုလ်များပြုလုပ်ခြင်းဖြင့် မိမိဘဝရဲ့ ရည်ရွယ်ချက်ကို ဖြည့်ဆည်းခြင်း ဖြစ်ပါတယ်။ အစ္စလာမ်မှာ ခဝပ်ကိုးကွယ်ခြင်းရဲ့ သဘောတရားက ဝတ်ပြုဆုတောင်းခြင်း တစ်ခုတည်းကို သတ်မှတ်ထားတာမဟုတ်ဘဲ ဘဝနေနည်းအားလုံးအကျုံးဝင်ပါတယ်။ အမှန်တကယ်မှာ အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်စေတဲ့ အပြုအမူမှန်သမျှ ခဝပ်ဆည်းကပ်မှု အဖြစ် အကျုံးဝင်ပြီး ထိုအတွက် အကျိုးကုသိုလ်ရရှိမှာ ဖြစ်ပါတယ်။

# သေခြင်းတရားဆိုက်ရောက်လာချိန်

ကျွန်တော်တို့ဟာ နေ့စဉ်နဲ့အမျှ သေခြင်းတရားရဲ့ ဥပမာတွေကို တွေ့မြင်နေရပါတယ်။ သေခြင်းဟာ နာကျင်မှု၊ ပြင်းထန်မှုမရှိဘဲ ငြိမ်းချမ်းသွားတယ်လို့ တွေးဆမိကြပါလိမ့်မယ်။ သို့ပေမယ့် သေခြင်းဟာ ထိုသို့မဟုတ်ပါဘူး။ လူတစ်ဦးသေဆုံးတဲ့အခါမှာ ဝိညာဉ်က ခန္ဓာကိုယ်ကို စွန့်ခွာသွားတယ်။ ဒါကြောင့် ခန္ဓာကိုယ်ရဲ့ သွင်ပြင်ကလည်း ဝိညာဉ်ရဲ့ အခြေအနေကို မထင်ဟပ်တော့ပါဘူး။ ဝိညာဉ်ရဲ့ ငြိမ်းချမ်းမှု၊ သို့မဟုတ် ခက်ခဲမှုဟာ သေဆုံးရတဲ့ အကြောင်းရင်းနဲ့ မသက်ဆိုင်သလောက် ဖြစ်ပြီး သေဆုံးသူရဲ့ဘဝမှာ သူ့ရဲ့ရည်ရွယ်ချက်တွေကို ဘယ်လောက်ထိ ဖြည့်ဆည်းခဲ့သလဲ ဆိုတာရဲ့ တိုက်ရိုက် ရလဒ်တစ်ခုဖြစ်ပါတယ်။

ဥပမာတစ်ခုကိုစဉ်းစားကြည့်ရအောင်။ လူနှစ်ယောက်ဟာ သူတို့ တစ်ခါမှ မရောက်ဖူးတဲ့နေရာကို သွားဖို့ အသွားတစ်လမ်းတည်း အပြန်မပါတဲ့ လက်မှတ်တွေသာ ရှိတယ်ဆိုပါစို့။ ပထမလူက ထိုဒေသရဲ့ ဘာသာစကား၊ ယဉ်ကျေးမှုနဲ့ အလေ့အကျင့်တွေကို အချိန်ယူပြီး လေ့လာမယ်။ ထိုဒေသမှာ သုံးတဲ့ငွေကြေးကို လဲပြီး ကာကွယ်ဆေးတွေလည်း ထိုးသွားမယ်ဆိုရင် ခရီးထွက်တဲ့အချိန်ရောက်လာတဲ့အခါမှာ ချောချောမောမော ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ သူဟာ အချိန်ယူပြီး ကြိုတင်ပြင်ဆင်မှုတွေလုပ်ခဲ့တာကြောင့် အန္တရာယ်ကင်းစွာနဲ့ အဆင်ပြေပြေ ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

ဆန့်ကျင်ဖက်အနေနဲ့ ဒုတိယတစ်ယောက်ကတော့ ကြိုတင်ပြင်ဆင်မှုတွေကို ဂရုမစိုက်ပဲ မထွက်ခွာမီအချိန်ထိ သူ့ရဲ့လက်ရှိအချိန်ကိုပဲ အေးအေးဆေးဆေး နေထိုင်လျက် ရှိနေပါတယ်။ သူဟာ သူဘာမျှမသိတဲ့နေရာကို ကြောက်လန့်စွာ၊ စိတ်ရှုပ်တွေးစွာနဲ့ ရောက်ရှိသွားပါတယ်။ သူရဲ့ ကြိုတင်ပြင်ဆင်မှု မလုပ်ထားခြင်းက သူ့ကို ကြောက်မက်ဖွယ်ကံကြမ္မာနဲ့ အဆုံးသတ်ပေးလိုက်ပါတယ်။ သူဝယ်ယူထားတဲ့ ပစ္စည်းတွေလဲ ဘာတစ်ခုမှ အသုံးမဝင် ဖြစ်သွားပါတယ်။

ဒီလိုလျစ်လျူရှုနေတဲ့သူကို အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းမြတ်မှာ မိန့်တော်မူထားပါတယ် :

**"နောက်ဆုံးတွင် သူတို့ထဲက တစ်ဦးဦးထံသို့ သေခြင်းတရား ဆိုက်ရောက်လာသော အခါမှသာ သူက ဤသို့ပြောလေသည်။ 'အို-ကျွန်တော်မျိုး၏အရှင် ကျွန်တော်မျိုးအား ပြန်လွှတ်တော်မူပါ။ ကျွန်တော်မျိုး စွန့်ထားခဲ့သော လောကသို့ ပြန်သွားပြီး ကောင်းမှုကုသိုလ် ကျင့်ဆောင်နိုင်ရန် ဖြစ်ပါသည်။' လုံးဝမဖြစ်နိုင်! ဤသည် သူပြောမည့် စကားတစ်ခွန်းမျှသာဖြစ်သည်။" ကုရ်အာန် ၂၃:၉၉-၁၀၀**

ငရဲဘုံမှာ ကျရောက်နေတဲ့ သူတွေကို သူတို့ဘာကြောင့် ငရဲဘုံကို ကျရောက်ရလဲ မေးမြန်းတဲ့အခါ သူတို့ ဖြေမယ့် အဖြေနဲ့ ပတ်သက်ပြီးတော့လည်း ဤသို့ မိန့်တော်မူထားပါတယ်။

**"သူတို့ကပြောကြမည်၊ 'ကျွန်ုပ်တို့သည် ဆွလာသ်ဆောက်တည်သူများထဲမှ မဟုတ်ကြပေ။ ထို့ပြင်ဆင်းရဲသားတို့အား အစားအစာ ကျွေးမွေးခြင်းမရှိခဲ့ကြပေ။ ထို့ပြင် အကျိုးမဲ့ ဆွေးနွေးသူများနှင့် ဆွေးနွေးမှုတွင် နစ်မွန်းခဲ့ကြသည်။ ထို့ပြင် ကျွန်ုပ်တို့သည် မျှတစွာ အစားပေးမည့်နေ့ကို ငြင်းဆန်ခဲ့ကြသည်။ နောက်ဆုံးတွင် ထိုယုံကြည်ရသော ကိစ္စသည် ကျွန်ုပ်တို့အပေါ်သို့ရောက်လာခဲ့သည်။'" ကုရ်အာန် ၇၄:၄၃-၄၇**

ကျွန်တော်တို့အားလုံးဟာ တစ်ချိန်ချိန်မှာ သေခြင်းနဲ့ တွေ့ဆုံဖို့ ချိန်းဆိုမှုရရှိထားပြီးသားဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ မရင်းနှီးသေးတဲ့ နေရာဒေသအသစ်တစ်ခုကို သွားကြရမှာ ဖြစ်ပါတယ်။

# ဘဝရဲ့ ရည်ရွယ်ချက်

ဘဝဟာ သေခြင်းနဲ့ အဆုံးသတ်တဲ့ စမ်းသပ်မှုတစ်ခုပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ဒါဟာ လူတစ်ယောက် ဖြစ်တည်မှုရဲ့ အဆုံးသတ်လို့ သတ်မှတ်လို့မရနိုင်ပါဘူး။ သေဆုံးသွားတဲ့ အခါမှာ ယခုဘဝက ကျွန်တော်တို့ရဲ့ ယုံကြည်မှု နဲ့ ပြုမူလုပ်ဆောင်ချက်တွေ အပေါ်မှာ မူတည်ပြီး ကျွန်တော်တို့ရဲ့ကံကြမ္မာက ဆုံးဖြတ်သွားမှာ ဖြစ်ပြီး နောင်တရဖို့လည်း အင်မတန်နောက်ကျသွားပြီ ဖြစ်ပါလိမ့်မယ်။ လူသားရဲ့ ဘဝဟာ အပိုင်း၂ ပိုင်းခွဲထားပါတယ်။ ဒီကမ္ဘာပေါ်မှာ နေထိုင်ရတဲ့ တိုတောင်းတဲ့ယခုဘဝနဲ့ ထာဝရနေထိုင်ရမယ့် နောင်တမလွန်ဘဝ ဟူ၍ ဖြစ်ပါတယ်။ ယုတ္တိရှိရှိ တွေးခေါ်တတ်သူတွေကတော့ ထာဝရ ပျော်ရွှင်ချမ်းမြေ့ရခြင်းဟာ ဒီကမ္ဘာပေါ်က မတည်မြဲတဲ့ ခဏတာစိတ်ကျေနပ်မှုတွေထက် အများကြီး ပိုအကျိုးရှိတယ်လို့ ကောက်ချက်ချကြမှာ ဖြစ်ပါတယ်။

အလ္လာဟ်အရှင်မြတ်ဟာ လူသားမျိုးနွယ်ကို ဖန်ဆင်းတော်မူခဲ့ပြီး မိမိတို့ရဲ့ အပြုအမူတွေအပေါ် မိမိတို့ တာဝန်ယူစေဖို့အတွက် ကျွန်တော်တို့ကို စိတ်ကြိုက်ရွေးချယ်နိုင်စွမ်းနဲ့ အမှန်နဲ့ အမှားကို ခွဲခြားသိမြင်နိုင်တဲ့ ဉာဏ်ပညာခ ချီးမြှင့်ထားတော်မူပါတယ်။ ကောင်းမွန်တဲ့သူတွေကို အကျိုးကျေးဇူးတွေ ချီးမြှင့်ဖို့၊ မကောင်းတဲ့သူတွေကို အပြစ်ပေးဖို့အတွက် နောင်တမလွန်သာ မရှိခဲ့ဘူးဆိုရင် အလွန်တရာ တရားမျှတတော်မူသောအရှင်ဟူသည့် အလ္လာဟ့်နာမတော်နဲ့ ဆန့်ကျင်နေမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဝိညာဉ်တစ်ခုချင်းစီတိုင်း ပါဝင်စစ်ဆေးမေးမြန်းခံရမှာ ဖြစ်တဲ့ ကမ္ဘာ့တရားခွင်နေ့ဟာ လုံးဝ လိုကိုလိုအပ်ပါတယ်။

**"ငါအရှင်သည် အမိန့်နာခံသူများကို အမိန့်မနားခံသူတို့နှင့် တန်းတူ သတ်မှတ်ရမည်လော။ အသင်တို့ ဘာဖြစ်သွားကြပြီနည်း။ မည်သို့ဆုံးဖြတ်နေကြသနည်း။" ကုရ်အာန် ၆၈:၃၅-၃၆**

# ကမ္ဘာ့တရားခွင်နေ့ (အဆုံးအဖြတ်ပေးသောနေ့)

လူတစ်ဦးချင်းစီရဲ့ ဘဝမှာလုပ်ဆောင်ခဲ့တဲ့ အပြုအမူမှန်သမျှကို သေသေချာချာ မှတ်သားထားပါတယ်။ အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းတော်မှာ ဖော်ပြထားပါတယ်။

**"ထို့နောက်မှတ်တမ်းစာအုပ်ကို ရှေ့မှောက်တွင် ထားခြင်းခံရသည့်အခါ အပြစ်ကျူးလွန်သူတို့သည် ထိုစာအုပ်တွင် ပါရှိသောအရာများကို ကြောက်ရွံ့၍ 'ငါတို့သည် ပျက်စီးရလေခြင်း။ ဤစာအုပ်သည် အဘယ်သို့သော စာအုပ်နည်း၊ သေးမွှားသည့် ကိစ္စကိုရော၊ ကြီးသည့်ကိစ္စကိုပါ တစ်ခုမကျန် အကုန်မှတ်တမ်းတင်ထားလေသည်'ဟု ပြောကြမည်ကို အသင်တွေ့မြင်ရပေမည်။ ထို့နောက်သူတို့သည် မိမိတို့ လုပ်ဆောင်ခဲ့သောအရာအားလုံးကို ရှေ့မှောက်၌ တွေ့မြင်ရပေမည်။ အသင့်အရှင်မြတ်သည် မည်သူ့ကိုမျှ မတရားလုပ်တော်မမူပေ။" ကုရ်အာန် ၁၈:၄၉**